# ငုပ်လျှိုး တီဘီရောဂါပိုးကူးစက်မှု (LTBI)

**(LATENT TUBERCULOSIS INFECTION (LTBI))**



**တီဘီရောဂါ သို့မဟုတ် "တီဘီ" သည် *Mycobacterium tuberculosis* (မိုင်ကိုဘက်တီရီယမ် ကျူဘာကူလိုးစစ်) ဟုခေါ်သော ရောဂါပိုးများကြောင့်ဖြစ်ပွားရသည့် ရောဂါဖြစ်သည်။ တီဘီဘက်တီးရီးယားကြောင့် ဖြစ်ပွားရသည့် အခြေအနေနှစ်မျိုးရှိပြီး ၎င်းတို့မှာ latent TB infection (ငုပ်လျှိုး တီဘီရောဂါပိုးကူးစက်မှု) (LTBI) နှင့် [တီဘီရောဂါ] တို့ဖြစ်သည်။ တီဘီရောဂါ သို့မဟုတ် "တီဘီ" ဆိုသည်မှာ သင့်ကိုယ်ခံအားစနစ်က တီဘီရောဂါပိုးများအား ကြီးထွားများပြားလာမှုကို မရပ်တန့်စေနိုင်သည့်အတွက် သင့်ခန္ဓာကိုယ်အတွင်း ၎င်းရောဂါပိုးများ လှုပ်ရှားသက်ဝင်လာပြီး ကြီးထွားများပြားလာသည့် အခြေအနေဖြစ်ပါသည်။ ၎င်းတို့သည် သင့်အား နာမကျန်းဖြစ်စေနိုင်သည်။**

**LTBI ဆိုသည်မှာ သင့်အား နာမကျန်းမဖြစ်စေဘဲ သင့်ခန္ဓာကိုယ်အတွင်း တီဘီရောဂါပိုးများရှိနေခြင်းဖြစ်သည်။ သင့်တွင် LTBI ရှိလျှင် သင်သည် နာမကျန်းဖြစ်သလို မခံစားရသလို တီဘီရောဂါပိုးများကို အခြားသူများထံသို့ ကူးစက်စေနိုင်ခြင်းမရှိပါ။ သို့သော် တီဘီရောဂါပိုးများသည် သင့်ခန္ဓာကိုယ်အတွင်း လှုပ်ရှားသက်ဝင်လာပြီး စတင်ကြီးထွားများပြားလာနိုင်သည်။ ဤသို့ဖြစ်လာလျှင် သင်သည် LTBI ရှိနေခြင်းမှ တီဘီရောဂါကြောင့် နာမကျန်းဖြစ်သည့်အခြေအနေသို့ ရောက်ရှိသွားမည်ဖြစ်ပါသည်။ သင့်တွင် တီဘီရောဂါပိုးရှိပါက အလွန်ဆိုးရွားစွာ နာမကျန်းဖြစ်နိုင်ပြီး တီဘီရောဂါပိုးကို အခြားသူများထံသို့လည်း ပျံ့နှံ့စေနိုင်သည်။**

## LTBI ကို ကျွန်ုပ် ဘယ်လို ကူးစက်ခံခဲ့ရသလဲ။

- တီဘီရောဂါပိုးများသည် လေမှတဆင့် လူတစ်ဦးမှတစ်ဦးထံ ကူးစက်ပျံ့နှံ့ပါသည်။ တီဘီရောဂါရှိသူတစ်ဦးဦးက ချောင်းဆိုး၊ ရယ်မော၊ သီချင်းဆို သို့မဟုတ် နှာချေသည့်အခါ တီဘီရောဂါပိုးများသည် လေထုထဲသို့ ရောက်ရှိသွားသည်။ တီဘီရောဂါပိုးများရှိသည့် လေကို သင်ရှူရှိုက်မိလျှင် သင်သည် LTBI ရသွားနိုင်သည်။
- သင်သည် လက်ဆွဲနှုတ်ဆက်ခြင်း၊ အိမ်သာကမုတ်ခွက်များပေါ်တွင် ထိုင်ခြင်း သို့မဟုတ် အစားအစာနှင့် သောက်စရာများ အတူတကွမျှဝေစားသောက်ခြင်းမှ တီဘီရောဂါပိုး ကူးစက် **မခံရနိုင်ပါ**။
- သင့်အနေဖြင့် အရေပြားမှတဆင့် တီဘီရောဂါပိုးရှိမရှိ စစ်ဆေးမှု သို့မဟုတ် သွေးစစ်ဆေးချက်များ မပြုလုပ်ဘဲ LTBI ရှိနေကြောင်းကို သိရှိမည်မဟုတ်ပါ။
- မကုသဘဲထားလျှင် LTBI သည် တီဘီရောဂါအဖြစ် ပြောင်းသွားနိုင်သည်။

## LTBI အတွက် မည်သည့်စစ်ဆေးမှုများ ပြုလုပ်နိုင်ပါသလဲ။

- အရေပြားမှတဆင့် တီဘီရောဂါပိုးရှိမရှိ စစ်ဆေးမှု (Mantoux စစ်ဆေးမှု) သို့မဟုတ် တီဘီသွေးစစ်ဆေးချက်သည် သင့်ခန္ဓာကိုယ်အတွင်းရှိ တီဘီရောဂါပိုးမွှားများရှိနိုင်သည့်အခြေအနေကို ဖော်ပြပေးနိုင်သည်။
- အရေပြားမှတဆင့် တီဘီရောဂါပိုးရှိမရှိ စစ်ဆေးမှု သို့မဟုတ် တီဘီသွေးစစ်ဆေးချက်သည် ပေါ့စတစ်ဖြစ်လျှင် သင့်ဆရာဝန်က တီဘီရောဂါဖြစ်နေသည့် လက္ခဏာများရှိမရှိ သိရှိနိုင်ရန် ရင်ဘတ်ပိုင်း X-ray ဓာတ်မှန်ရိုက်ကူးခြင်းကိုလည်း ပြုလုပ်နိုင်သည်။
- သင့် ရင်ဘတ်ပိုင်း X-ray ဓာတ်မှန်ရိုက်ကူးမှုတွင် တီဘီရောဂါဖြစ်သည့် လက္ခဏာများရှိပြီး သင်သည် နာမကျန်းဖြစ်မနေပါက သင့်အား LTBI အခြေအနေရှိမရှိ စစ်ဆေးအဖြေရှာမည်ဖြစ်သည်။

## ကျွန်ုပ်တွင် LTBI အခြေအနေရှိလျှင် မည်သို့ သိရှိမည်နည်း။

- ပုံမှန်အားဖြင့် အရေပြားမှတဆင့် တီဘီရောဂါပိုးရှိမရှိ စစ်ဆေးမှု သို့မဟုတ် တီဘီသွေးစစ်ဆေးချက်ပြုလုပ်ခြင်း
- ပုံမှန်အားဖြင့် ရိုးရိုး ရင်ဘတ်ပိုင်း X-ray ဓာတ်မှန်ရိုက်ခြင်း
- ချွဲ၊တံတွေး (သလိပ်) စစ်ဆေးချက်များအတွင်း တီဘီရောဂါပိုးများကို မတွေ့ရှိရပါ
- တီဘီရောဂါပိုးများသည် အခြားသူများထံသို့လည်း ကူးစက်စေနိုင်သည်
- နာမကျန်းဖြစ်သည်


**BUREAU OF COMMUNICABLE DISEASES**

www.dhs.wisconsin.gov/dph/bcd.htm | DHSDPHBCD@dhs.wi.gov

Wisconsin Department of Health Services | Division of Public Health


P-42099BBU (1/2020)

## LTBI အခြေအနေကို မည်သို့ကုသပါသနည်း။

*သင့်အား တီဘီရောဂါမဖြစ်အောင် တားဆီးပေးနိုင်သည့် ဆေးဝါးများရှိပါသည်။ ကုသဆေးဝါးသည် သင့်အား ရောဂါပိုးများက နာမကျန်းမဖြစ်စေမီ ၎င်းရောဂါပိုးများအား သုတ်သင်ပေးပါသည်။ လောလောဆယ်တွင် ကုသမှုရွေးချယ်စရာသုံးခုရှိပါသည်-*

- Isoniazid (INH) နှင့် rifapentine ကို တစ်ပတ်တစ်ကြိမ် 3 လသောက်သုံးခြင်း
- Rifampin ကို တစ်နေ့တစ်ကြိမ် 4 လသောက်သုံးခြင်း။
- Isoniazid (INH) တစ်နေ့တစ်ကြိမ် 6-9 လသောက်သုံးခြင်း။

**၎င်းမတူညီသော ကုသမှုရွေးချယ်စရာများအားလုံးသည် အစွမ်းထက်ပါသည်။ မည်သည့်ရွေးချယ်စရာသည် သင့်အတွက် သင့်တော်ကြောင်း သိရှိနိုင်ရန် သင့်ဆရာဝန်နှင့်အတူ ဆွေးနွေးပြောဆိုကြည့်ပါ။ ကုသမှုမစတင်မီ ရင်ဘတ်ပိုင်း X-ray ဓာတ်မှန်ရိုက်ကူးရန်နှင့် တခါတရံတွင် သင့်အသည်းလုပ်ဆောင်ချက်အခြေအနေကို စစ်ဆေးရန်အတွက် သွေးစစ်ဆေးချက်ပြုလုပ်လေ့ရှိသည်။ ကုသမှုခံယူစဉ် ဘီယာ၊ ဝိုင် သို့မဟုတ် အရက် မသောက်ပါနှင့်။**

## မည်သည့် ဆေးကုသမှု ဘေးထွက်ဆိုးကျိုးများကို သင်ရှာဖွေသင့်သလဲ။

*ဆေးဝါးအားလုံးနည်းတူပင် LTBI အား ပျောက်ကင်းအောင်ကုသရန် အသုံးပြုသည့် ဆေးဝါးများတွင် ဘေးထွက်ဆိုးကျိုးရှိနိုင်သည်။ လူအချို့သည် မည်သည့်ပြဿနာများမှမရှိဘဲ တီဘီဆေးဝါးများကို သောက်သုံးကြသည်။* ***သင့်တွင် ၎င်းဘေးထွက်ဆိုးကျိုးများဖြစ်လျှင် သင့်ဆရာဝန်ကို ခေါ်ဆိုဆက်သွယ်ပါ သို့မဟုတ် ပြသပါ။***

- မအီမသာဖြစ်ခြင်း* သို့မဟုတ် အော့အန်ခြင်း
- ဗိုက်နာခြင်း
- ဆီးရောင်ရင့်ခြင်း (လဘက်ရည် သို့မဟုတ် ကော်ဖီရောင် ဆီးသွားခြင်း)
- မျက်လုံးများ သို့မဟုတ် အသားအရေ ဝါခြင်း
- လက်ချောင်းများ သို့မဟုတ် ခြေချောင်းများ ထုံကျင်ခြင်း သို့မဟုတ် စပ်ဖျဉ်းဖျဉ်းဖြစ်ခြင်း
- အရေပြားပေါ်တွင် အဖုအပိန့်များထွက်ခြင်း သို့မဟုတ် ယားယံခြင်း
- 3 ပတ်ထက်ပို၍ ချောင်းဆိုးခြင်း
- ညဘက်ချွေးထွက်ခြင်း
- အသက်ရှူရခက်ခြင်း သို့မဟုတ် ချွဲသံတရှဲရှဲမြည်ခြင်း

*လူအချို့သည် ဆေးပြားများ စတင်သောက်သုံးသည့်အခါ အပျော့စား မအီမသာဖြစ်ခြင်းကို ခံစားရပါသည်။ သင့်တွင် ထိုသို့ဖြစ်လျှင် ဆေးပြား(များ)ကို အစာအနည်းငယ်နှင့် တွဲဖက်၍ စားသုံးပါ သို့မဟုတ် အိပ်ရာဝင်သည့်အခါ ဆေးသောက်ပါ။ သုံးရက်ကြာပြီးနောက် ဆက်၍ မအီမသာဖြစ်နေပါက သင့်ဆရာဝန်ကို ခေါ်ဆိုပါ။

## LTBI အတွက် ဆေးဝါးသောက်သုံးသည့်အခါ ကျွန်ုပ် မည်သည်ကို အမှတ်ရသင့်သနည်း။

- သင့် တီဘီကုသဆေးကို သင့်ဆရာဝန်ညွှန်ကြားသည့်အတိုင်း သောက်သုံးရန် အရေးကြီးပါသည်။ ရက်အများအပြား ဆေးမသောက်လိုက်ရပါက ဆေးသည် အစွမ်းရှိနိုင်မည်မဟုတ်ပါ။  ဆေးမသောက်လိုက်ရသည့် ရက်များရှိပါက ၎င်းတို့ကို ချရေးထားပြီး သင်နောက်တစ်ကြိမ် ဆေးခန်းပြသသည့်အခါ သင့်ဆရာဝန်နှင့် သူနာပြုအား ပြောဆိုနိုင်ပါသည်။
- သင့်ဆရာဝန်က ဆေးဝါးများဆက်မသောက်ရန် အဆင်ပြေပြီဟု ပြောသည်အထိ သင့်ဆေးဝါးများကို ဆက်လက်သောက်သုံးပါ။
- သင့်အတွက် တီဘီဆေးကို ကုန်စင်အောင် သောက်သုံး၍ သင်ကိုယ်တိုင်၊ သင့်မိသားစုနှင့် သင့်မိတ်ဆွေများအား တီဘီရောဂါအန္တရာယ်မှ ကာကွယ်ပါ။
- တီဘီရောဂါပိုးများကို လုံးဝဖယ်ရှားနိုင်သည့် တစ်ခုတည်းသောနည်းမှာ တီဘီဆေးများ သောက်သုံးခြင်းဖြစ်ပါသည်။



**BUREAU OF COMMUNICABLE DISEASES**
www.dhs.wisconsin.gov/dph/bcd.htm | DHSDPHBCD@dhs.wi.gov
Wisconsin Department of Health Services | Division of Public Health